# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၇)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး ပြိုင်ပွဲတိုင်းအနိုင်ရအောင်ကြိုးစား အားနည်းချက်များကို ပြုပြင်၊ အားသာချက်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်

## နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်မှုရလဒ်ကောင်းများဖြင့် ဖော်ထုတ်ပြသ

နေပြည်တော်  ဇွန်  ၁၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားသမားအဖွဲ့များအနေဖြင့် အခုလာမည့် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းပြီး အပြင်းအထန်လေ့ကျင့်နေကြသကဲ့သို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သည့်အခါတွင် ပါဝင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပဏာမလက်ရွေးစင် အားကစားသမားများ ရွေးချယ်ပြီး စတင်စခန်းသွင်း လေ့ကျင့်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရကြောင်း။

### တတိယအကြိမ်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ယင်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စ၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလာရာ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်တွင် တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးတို့ကြောင့် နှစ် ၄၀ ကျော်ကြာပြီးမှ ယခု တတိယအကြိမ် အိမ်ရှင်အဖြစ် ထပ်မံလက်ခံကျင်းပသွားရမည်ဖြစ်ကြောင်း။

### အလွန်ပြင်းထန်

မိမိတို့နိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ဆုတံဆိပ်ပေါင်း ၁၀၄ ခုဖြင့် ပထမရခဲ့ကြောင်း၊ ထို့အတူ ၁၉၆၉ ခုနှစ်ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်ပေါင်း ၁၄၉ ခုဖြင့် ပထမဆု ထပ်မံရရှိထားသဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ပထမအဆင့်ဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုတတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင်လည်း ပထမဆုကို ရည်မှန်းချက်ထားပြီး ပြင်ဆင်လေ့ကျင့်သွားရန်လိုကြောင်း၊ သို့ရာတွင် လွန်ခဲ့သည့် နှစ် ၄၀ ကျော်ကာလ အခြေအနေနှင့် ယခုအခြေအနေ မတူညီကြသည်ကို အားလုံးသတိထားဖို့လိုကြောင်း၊ ယခုကဲ့သို့ Globalization ကမ္ဘာကြီး ရှင်သန်ဖြစ်သည့်ခေတ်တွင် ရန်သူရောမိတ်ဆွေပါ သူ့အကျိုးစီးပွား၊ ကိုယ့်အကျိုးစီးပွားအတွက် ပြိုင်ဆိုင်ကြမှုသည် အလွန်ပြင်းထန်သည့် အချိန်ကာလပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ●

19-6 (01).pmd 1 6/19/2011, 1:16 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၁၉ ရက်)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်သတိပြုကာကွယ်ပါ

သွေးလွန်တုပ်ကွေးရောဂါဆိုသည်မှာ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး လေးမျိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရောဂါပိုးသယ်ဆောင်လာသော ခြင်ကျား၊ ခြင်ပုန်းဟုခေါ်သည့် အေးဒီး(စ်) ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခံရသော ရောဂါဖြစ်သည်။

ယနေ့ တစ်ကမ္ဘာလုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ ၇၅ ရာခိုင်နှုန်းသည် အာရှနှင့် ပစိဖိတ်ဒေသများမှဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသော ကမ္ဘာ့ဒေသများအနက် အရှေ့တောင်အာရှဒေသနိုင်ငံများတွင်ဖြစ်ပွားမှုသည် ၅၂ ရာခိုင်နှုန်းရှိသည်။ ယင်းတို့အနက် အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ယခင်က မြို့ကြီးများ၌သာ ဖြစ်ပွားခဲ့သော်လည်း ယခုအခါ ကျေးလက်ဒေသများ၌ပါ ဖြစ်ပွားလာခဲ့သည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို နိုင်ငံအတွင်း ရောဂါမဖြစ်ပွားမီ ၁၉၆၄ ခုနှစ် ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရာမှ သေဆုံးမှုနှုန်းသည် လူနာ ၁၀၀ တွင် ခြောက်ဦးအထက်ရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်တွင် လူနာ ၁၀၀ ၌ တစ်ဦးခန့်သာ သေဆုံးခဲ့သည်အထိ ကျဆင်းလာခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ယခင်က အသက် ၁၅ နှစ်အောက်ကလေးများတွင်သာဖြစ်ပွားပြီး မူကြိုနှင့် မူလတန်းအရွယ်ကလေးများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်ခဲ့သည်။ ယခုအခါ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများတွင်လည်း ဖြစ်ပွားလာလျက်ရှိသည်။ ယင်းရောဂါသည် ရောဂါပိုးသယ်ဆောင်လာသည့် ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းကြောင့်ကူးစက်ခံရပြီး ရုတ်တရက်ဖျားတတ်သည်။

ရောဂါလက္ခဏာသည် နှစ်ရက်မှ ခုနစ်ရက်ခန့်ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းစသည်တို့ဖြစ်ကြသည်။ ဖျားနေရာမှ ရုတ်တရက်အဖျားကျပြီး ခြေဖျား၊ လက်ဖျားအေးစက်ခြင်း၊ မှိန်းနေခြင်းတို့သည် သွေးလန့်သည့် လက္ခဏာဖြစ်သည်။ အရေပြားပေါ်တွင် အနီစက်လေးများထွက်ခြင်း၊ သွားဖုံးမှ သွေးယိုစီးခြင်း၊ အန်ခြင်း၊ အန်သည့်အခါ အဖြူရောင်အရည်တွင် ကော်ဖီဖတ်ကဲ့သို့ အညိုရောင်အမျှင်များ၊ အဖတ်ကလေးများပါခြင်း၊ ဝမ်းမည်းမည်း သွားခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့သည် လူနာအတွက် အသက်အန္တရာယ်ရှိ၍ ဆေးရုံဆေးခန်းသို့ အမြန်ဆုံး သွားရောက်ရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီကာလတွင် အဖြစ်များတတ်သဖြင့် ခြင်ပုန်း၊ ခြင်ကျားများ မပေါက်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ချက်များကို ပြည်သူများဝိုင်းဝန်းလိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုကြိုတင်ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ကြည့်ရှုစစ်ဆေး**

ဇွန် ၉ ရက် က လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက် သရဖီလမ်းနှင့် သစ္စာလမ်းတစ်လျှောက် ရေ နုတ် မြောင်း တူးဖော်ထားရှိမှုကို ကယားပြည်နယ်ဝန် ကြီး ချုပ် ဦး ခင် မောင် ဦး ကြည့် ရှု စစ် ဆေးစဉ်။

(မြို့နယ်စည်ပင်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၁၁)ဖွင့်ပွဲကို ဇွန် ၁၃ ရက်က မှော်ဘီမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကား ပြောကြားပြီး ယာဉ်ထိန်းရဲသင်တန်းကျောင်း ကျောင်းအုပ်ကြီးဒုတိယရဲမှူး ရွှေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောပို့ချသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကို ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာ ပို့ချခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထူးချွန် ကျောင်းသား ကျောင်းသူများ မြောင်းမြ၌ ဆုချီးမြှင့်

**မြောင်းမြ ဇွန် ၁၈**

မြောင်းမြမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ်ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ ပညာရတနာခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဘဏ္ဍာ/အခွန်နှင့် စည်ပင်သာယာ

ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုက ငါးဘာသာဂုဏ်ထူးရှင်နှင့် လေးဘာသာဂုဏ်ထူးရှင်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပြီးနောက် **(အပေါ်ပုံ)** မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံး ပထမ အထက (၁)၊ ဒုတိယ အထက-ခွဲ (ကံကြီး)၊ တတိယ အထက-ခွဲ (ကဝက်)တို့မှ ကျောင်းအုပ်ဆရာကြီးများအား ဂုဏ်ပြုဆုများ ဆက်လက်ချီးမြှင့်သည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုကော်မတီဥက္ကဋ္ဌ ဦးပြုံးချိုတို့က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးသော ဆရာဆရာမများကို ဆုချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်ခဲ့**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြောင်းမြတစ်မြို့နယ်လုံးမှ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၇၉ ဦးရှိရာ တာဝန်ရှိသူများက ငွေကျပ်၄၅၁၀၀၀၀ တန်ဖိုးရှိ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးရေး လက်ပံတန်း၌ ဆွေးနွေး

**ပဲခူး ဇွန် ၁၈**

စပါးသီးနှံကို ပေါင်စနစ်ဖြင့်ပျိုးထောင်၍ စိုက်ပျိုးခြင်းဖြင့် မျိုးစေ့သုံးစွဲမှုသက်သာပြီး အထွက်နှုန်းတိုးတက်ကာ စပါးထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ရာ စပါးတစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ ဆောင်ရွက်ကြရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီးမန်နေဂျာ ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်သို့ ကွင်းဆင်းဆွေးနွေး ဟောပြောလျက်ရှိကြသည်။ ဇွန် ၉ ရက်နေ့ကမူ အဆိုပါအဖွဲ့သည် လက်ပံတန်းမြို့နယ် ဂရန်စံပြစိုက်ပျိုး ပညာပေးရေးစခန်းသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

19-6 (02).pmd 1 6/19/2011, 1:16 AM

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ ဇေကမ္ဘာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှု ရရှိရေးအတွက် ငွေကျပ်သိန်း ၅၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ထို့ကြောင့် ယခု အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အားကစားပြိုင်ပွဲတွင် ယခင်နှစ်များထက် အောင်မြင်ပြီး ဆုတံဆိပ် ပိုမိုရရှိရန်နှင့် (၂၇)ကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည့် ပွဲကြီးတွင် ပထမအဆင့် ထပ်မံဆွတ်ခူးရနိုင်ရန်ဆိုလျှင် ဘက်စုံထောင့်စုံ အဘက်ဘက်က အားသွန်ခွန်စိုက်လုပ်ပါမှ ရနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ချီးမြှောက်ထောက်ပံ့မှု၊ အားကစားသမားများ၏ အစွမ်းကုန်ကြိုးပမ်းမှု၊ စည်းကမ်းသေဝပ်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်မှု၊ သက်ဆိုင်ရာအဖွဲ့ချုပ်များနှင့် နည်းပြများ၏ နည်းမှန်လမ်းမှန် ကြီးကြပ်စွမ်းဆောင်ပေးမှုတို့အပြင် မိဘပြည်သူ စေတနာရှင်များ၏ ငွေအား၊ အကြံဉာဏ် အားဖြင့် အားပေးကူညီမှုများလည်း မြောက်မြားစွာ လိုအပ်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် (၂၆)ကြိမ်မြောက် ဂျကာတာပြိုင်ပွဲမှ တွေ့ရှိလာမည့် အားနည်းချက်များကို စိစစ်ပြုပြင်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် ရေကုန်ရေခန်း ကြိုးပမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

## စဉ်ဆက်မပြတ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်မှာ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက်လည်း နိုင်ငံတော်က ပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ၁၂ ခုကို ဖွဲ့စည်းပေးထားပြီး ပြိုင်ပွဲကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လိုအပ်သည့် အားကစားကွင်း၊ အားကစားရုံ၊ အားကစားရွာများ ဆောက်လုပ်ခြင်း၊ ပြိုင်ပွဲအလားအလာရှိသည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထပ်မံရှာဖွေလေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း။

မြန်မာ့အားကစားအဖွဲ့များအနေဖြင့် မိမိတို့သည် အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ရည်မှန်းချက်အပြင် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တစ်မျိုးသားလုံးက အားပေးချီးမြှောက်နေသည့် အချိန်အခါတွင် နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းနှင့် ပြိုင်ပွဲတိုင်း အနိုင်ရရှိအောင်ကြိုးစားရခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားများအားလုံး၏ ပခုံးထက်မှာ ကျရောက်နေသည်ဆိုသည်ကို သိရှိထားရန်လိုအပ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများမှ အောင်မြင်မှုများစွာ ရနိုင်အောင် စွမ်းဆောင်နိုင်ခြင်းသည် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းနှင့် အမျိုးသားဂုဏ်သိက္ခာမြင့်မားထည်ဝါမှုကို ထင်ဟပ်ဖော်ပြနိုင်သည်ဆိုသည့် ခံယူချက်ဖြင့် မြန်မာ့အားကစားမြှင့်တင်ရေးကို အားပေးဆောင်ရွက်နေကြသည်ပင်ဖြစ်ကြောင်း။

## ယှဉ်ပြိုင်အနိုင်ယူ

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် **"မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့"** ဆိုသည့် ရည်မှန်းချက်ဖြင့် အားကစားကဏ္ဍကို စနစ်တကျ အစီအမံများချမှတ်ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရိုးသားကြိုးစား ယှဉ်ပြိုင်အနိုင်ယူ အောင်နိုင်မှု ရလဒ်ကောင်းများဖြင့် ဖော်ထုတ်ပြသကြရမည် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရနှင့်တကွ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားဝါသနာရှင်၊ စေတနာရှင်၊ အလှူရှင်၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အားကစားမြှင့်တင်ရေးအပေါ် ငွေအား လူအားသာမက စိတ်ဓာတ်ရေးရာအားဖြင့် အဘက်ဘက်က အားပေးမှုများသည်လည်း မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှ သူမတူအောင် အားရဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရမည် ဖြစ်ကြောင်း။

## အခြေခံကောင်းများ

ဤသို့ အဘက်ဘက်က အားပေးချီးမြှောက်ပါမှလည်း မြန်မာ့အားကစားလက်ရွေးစင်များ အားကစားအောင်နိုင်ရေး အခြေခံလိုအပ်ချက်များဖြစ်သည့် ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အာဟာရပြည့်ဝမှု၊ အားကစားကို စိတ်အေးချမ်းစွာ အာရုံစူးစိုက်လေ့ကျင့်နိုင်မှု၊ အဆင့်မီအားကစားပစ္စည်း၊ ကိရိယာများဖြင့် လေ့ကျင့်နိုင်မှု၊ အားကစားနည်းအလိုက် ဦးဆောင်နေသည့် နိုင်ငံများ၌ သွားရောက်လေ့ကျင့်နိုင်ပြီး ပြိုင်ပွဲ အတွေ့အကြုံများရရှိလာမှု စသည့်အခြေခံကောင်းများကို ပြည့်ပြည့်စုံစုံ ရရှိနိုင်ကြမည် ဖြစ်ကြောင်း။

ယခုလာမည့် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှု ရရှိရေးအတွက် ယခုကဲ့သို့ အောင်နိုင်ရေးရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့ကြသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်များအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုများစွာ ရရှိလာနိုင်ကြမည့် အားကစားသမား လူငယ်မောင်မယ်များကို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ပြန်လည်ဂုဏ်ပြု ချီးမြှင့်သည့်အခါတွင်လည်း ယခုကဲ့သို့ပင် အင်တိုက်အားတိုက်ဖြင့် နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ကြသူများအဖြစ် ဆက်လက်ပါဝင်အားပေးသွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်နေမှုအခြေအနေ၊ အားကစားကွင်း၊ အားကစားရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းနှင့်လက်ရှိအားကစားကွင်း၊ အားကစားရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိသည့် အခြေအနေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် အလားအလာရှိသည့် အားကစားသမားများကို စခန်းသွင်း၍ ပြည်တွင်း၊ ပြည်ပနည်းပြများဖြင့် ကြိုးစားလေ့ကျင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် အလှူရှင်များဖြစ်ကြသော ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်ဇနီး၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် Asia World Company ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့်ဇနီး၊ Original Group ဥက္ကဋ္ဌ ဦးသာဌေးနှင့် ဇနီး ၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်ဇနီး၊ ဒိုင်းမွန်းမာကျူရီဥက္ကဋ္ဌ ဦးစိန်လွင်နှင့်ဇနီး၊ TZTM Co.,Ltd. ဥက္ကဋ္ဌ ဦးသက်လင်းနှင့်ဇနီး၊ WEG မှ ဦးဝင်းနိုင်နှင့်ဇနီး၊ Road to Ayeyarwaddy Co.,Ltd. မှ ဦးဌေးမြင့်နှင့်ဇနီး၊ A.C.E ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့်ဇနီး၊ ဘောဂသိဒ္ဓိစားသောက်ဆိုင်မှ ဦးစံကိုကိုတင့်ဆန်းနှင့်ဇနီး၊ Golden Hill စားသောက်ဆိုင် (နေပြည်တော်)မှ ဦးထင်ကျော်လင်းနှင့်ဇနီး၊ A.C.E ဆောက်လုပ်ရေးလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းနှင့်ဇနီး၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ Max Myanmar Co.,Ltd. ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်တို့က ငွေကျပ်သိန်း ၅၀၀ စီကို ပေးအပ်လှူဒါန်းကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်ဇနီးတို့က ငွေကျပ်သိန်း ၄၀၀၊ Aircon ကုမ္ပဏီမှ ဦးဟန်ကြည်နှင့်ဇနီးတို့က ငွေကျပ်သိန်း ၃၀၀၊ Jade Palace စားသောက်ဆိုင် (သပြေကုန်း)မှ ဦးချမ်းသာနှင့်ဇနီး၊ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဂရိတ်ဝေါလ် မြန်မာ ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့်ဇနီး၊ ဦးစိုးနိုင်နှင့်ဇနီး၊ Golden Flower Co., Ltd. မှဦးအောင်ထွေးနှင့်ဇနီးတို့က ငွေကျပ်သိန်း ၂၀၀ စီ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်ဇနီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်ဇနီး၊ သော်တာဝင်းကုမ္ပဏီမှ ဦးစိုင်းဖိုလစ်ရှီနှင့်ဇနီး၊ City Golf Resort Hotel & Nature Link Travel & Tour Co., Ltd. မှ ဦးစိုင်းခမ်းလှိုင်၊ အိုလံပစ်ဟိုတယ်မှ ဦးသောင်းထိုက်မင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဒေါက်တာအောင်မြတ်ကျော်တို့က ငွေကျပ်သိန်း ၁၀၀ စီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ကျင်းပသည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် သိန်း ၉၆၃၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ကြည့်ရှု

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ ဆက်လက်အားကောင်းမည်

**နေပြည်တော် ဇွန် ၁၈**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**ဇွန် ၁၉ ရက် ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ (၁၂)ကြိမ်မြောက် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၈**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ထို့နောက် ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ငွေသိန်းက ကော်မတီ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆွေးနွေးတင်ပြကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျော့ဖုံးမှ**

ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ်က တရားစီရင်ရေးသည် ပြည်သူအချင်းချင်း၏ ပဋိပက္ခ၊ အရှုပ်အထွေးပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးရန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လုံခြုံချမ်းမြေ့ရေးကို ဖြစ်ထွန်းစေရန် ရည်သန်ကြောင်း၊ မှန်ကန်ခြင်း၊ မျှတခြင်း၊ တည်ငြိမ်ခြင်း၊ လေးနက်ခြင်းတို့သည် တရားစီရင်ရေး၏ အင်အားပင် ဖြစ်ကြောင်း။

တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ တရားသူကြီးများသည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသည့် အဂတိတရားလေးပါး၊ မျက်နှာတံစိုး၊ ဥစ္စာတံစိုး၊ မေတ္တာတံစိုးဟူသည့် တံစိုးသုံးပါးတို့ကို ရှောင်ရှားပြီး အမှန်တရားကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ဆုံးဖြတ်ကြရန်၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်နှင့် လက်အောက်ဝန်ထမ်းများကို စည်းကမ်းထိန်းသိမ်းပေးကြရန်၊ မတော် မတရားပြုလုပ်လိုသူများ၏ အသုံးချမှုကို မခံရအောင် အထူးသတိပြု ဆောင်ရွက်ကြရန်၊ တရားသူကြီးကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အစည်းအဝေး ကျင်းပ

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇီဝိတဒါနအထူးကုဆေးရုံ (ခုတင်-၁၀၀၀) ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်၍ သတ်မှတ်နေရာတွင် ခရေပင်ကို စိုက်ပျိုးပေးသည်။**

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ထို့နောက် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးသန်းအောင်၊ ဒေါက်တာပိုင်စိုး၊ ဦးကံချွန်နှင့် ဦးမျိုးညွန့်တို့က သတ်မှတ်နေရာများတွင် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများက ရတနာတန်းဝင်အပင်များ၊ အရိပ်ရစားပင်များ၊ နှစ်ရှည်အလှပင်များကို စိုက်ပျိုးပေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော် ဇီဝိတဒါနအထူးကုဆေးရုံ (ခုတင်-၁၀၀၀) အတွင်း ရတနာတန်းဝင်အပင်၊ အရိပ်ရစားပင်နှင့် နှစ်ရှည်ပန်းအလှပင်များဖြစ်သော ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ မယ်ဇယ်၊ ပုန်းညက်၊ စိန်ပန်း၊ ငုရွှေဝါ၊ နှင်းသီးနှင့် စိန်တစ်လုံးသရက်ပင် စုစုပေါင်း အပင် ၁၂၀၀ အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**စိုက်ပျိုးခဲ့**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သာယာလှပရေးအတွက် နှစ်စဉ် ရတနာတန်းဝင်အပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပန်းအလှပင်ကြီးများဖြစ်သော စိန်ပန်း၊ ပန်းတမာ၊ ငု၊ သစ်ဆိမ့်၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ ရေပျဉ်းမ၊ မယ်ဇယ်၊ ငုစပ်၊ အင်ကြင်းပင်များ၊ အရိပ်ရစားပင်များဖြစ်သော သရက်၊ အုန်း၊ ပိန္နဲ၊ မန်ကျည်းစသည်တို့ကို မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာများ၊ လမ်းဘေးဝဲယာများ၊ ပန်းခြံနှင့် ပန်းဥယျာဉ်များတွင် စိုက်ပျိုးလျက်ရှိရာ ၂၀၁၁ ခုနှစ် ဇွန်လအထိ စုစုပေါင်း အပင်မျိုးစုံ ပင်ရေ ၇ သိန်းခန့် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၁၉-၆-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၄)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဘိုးရဲ့လှို့ဝှက်ချက်**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၇)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **ကျွန်တော်ဘာမှမဖြစ်ပါ** ရန်ကျော်၊ စုမြတ်နိုးဦး၊ ဒေါက်တာမင်းနိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဥက္ကာ]
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၂၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၁၁)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၆၃)

# ပညာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

Study Group နှင့် CROWN Education တို့ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် အင်္ဂလန်ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များသို့ ဝင်ခွင့်ပြင်ဆင်ခြင်း၊ လျှောက်ထားခြင်းနှင့် ပညာသင်ယူခြင်းဆိုင်ရာ သတင်းအချက်အလက်များကို Study Group မှ Mr. Chris Kelso,Manager, International Study Centres South East and North Asia က ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် Park Royal Hotel ၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

**စုံစမ်းမေးမြန်းနိုင်**

ထို့အပြင် ပညာသင်စရိတ်များနှင့် Study Group Partner Universities များမှ ချီးမြှင့်မည့် ပညာသင်ထောက်ပံ့ကြေးများ အကြောင်းကိုပါ ရှင်းလင်း ပြောကြားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို CROWN Education, Summit Parkview Hotel အခန်း (၂၂၈၊ ၂၂၉) ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

**သာပေါင်းမြို့ ကညင်ချောင်းလမ်းအား မြို့နယ်စည်ပင်သာယာအဖွဲ့ ဝန်ထမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးငွေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ဥတုရာသီ တောကိုမှီ၏

# ပျော်ဘွယ်မြို့နယ် လင်းစင်ကုန်းကျေးရွာ မူလတန်းကျောင်း၌ အာဟာရဒါနကျွေးမွေး

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ စာသင်တိုက်သာသန ဓဇမ္မာစရိယ (ဂန္ထဝါစက ပဏ္ဍိတ) မန္တလေးတိုင်းဒေသကြီး သံဃနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိသည် ဇွန် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဥစ္စာန္တယ်ကျေးရွာအုပ်စု လင်းစင်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရွာသူရွာသားများအား ပဋ္ဌမအကြိမ်မြောက် အာဟာရဒါနအဖြစ် ကြာဆံဟင်းခါး ဧည့်ခံကျွေးမွေးပြီး ပညာဒါနအဖြစ် လင်းစင်ကုန်း အမကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့အား တစ်ဦးလျှင် ကျောင်းဝတ်စုံဖြူ၊ စိမ်း တစ်စုံစီနှင့် ဗလာစာအုပ် ၁၂ ဒါဇင်၊ ခဲတံ ၁၂ ဒါဇင်တို့ကိုလည်းကောင်း၊ အလှူငွေများကိုလည်းကောင်း ပေးလှူချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကရင်ပြည်နယ်မှ လေ့လာရေးအဖွဲ့များ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကရင်ပြည်နယ် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစောဝင်းထိန် ခေါင်းဆောင်သော ကရင်ပြည်နယ် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဖာပွန်မြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင် ၅၀ တို့အား ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်း ရှင်းလင်းဆောင်၌ ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

### ထိထိရောက်ရောက်ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူနေမှုဘဝတိုးတက်စေရေးအတွက် အဓိကသော့ချက်(၅)ချက်ကို လက်တွေ့ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြသ**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကရင်ပြည်နယ်မှ လေ့လာရေးအဖွဲ့အား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

### သိပ္ပံနည်းကျစိုက်နည်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း တစ်ဧက တန် ၅၀ အထက် ထွက်ရှိမည့် ကြံစိုက်ခင်းသို့ ရောက်ရှိရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကြံများ တစ်ဧကအထွက်နှုန်း တိုးတက်စေရန် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပုံကို ပြသရှင်းလင်းသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း နို့စားနွား မွေးမြူရေးနှင့် လယ်ယာသုံး စက်ကိရိယာများ ပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က တောင်သူလယ်သမားများ၏ စိုက်ပျိုးငွေ အရင်းအနှီးရရှိရေးအတွက် သမဝါယမဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အသေးစား ငွေစုငွေချေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆန်စပါးသီးနှံ အထွက်တိုးရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ခင်းကျင်းပြသထားသော ထွန်စက်များ၊ ကောက်စိုက်စက်၊ ရိတ်သိမ်းစက်နှင့် ခြွေလှေ့စက်များကို ကြည့်ရှုလေ့လာကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်များ၏စွမ်းရည်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တစ်ဧက တင်း ၅၀ ထွက်ရှိနိုင်သည့် ဆီထွက်နေကြာငါးဧကစိုက်ခင်းနှင့် တစ်ဧက တန် ၅၀ ထွက်ရှိမည့် တစ်ဆက်တစ်စပ်တည်း ကြံစိုက်ခင်း ငါးဧကတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း အထူးအထွက်တိုး တောင်သူပညာပေး စပါးစိုက်ခင်းကိုလည်းကောင်း၊ သစ်တပ်ကုန်းကျေးရွာအနီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာစိုက်ခင်း၌ စိုက်ပျိုးထားရှိသော ဝင်ငွေကောင်း နဂါးမောက်၊ သခွားမွေး၊ ဖရဲစိုက်ခင်းများ၊ ရာသီသီးနှံ စိုက်ခင်းများနှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးများ အထွက်ယှဉ်ပြိုင် စမ်းသပ်ကွက်နှင့် ပဲတီစိမ်းလေးမျိုး မျိုးသန့်ပွားများသည့် စိုက်ခင်းကိုလည်းကောင်း၊ စပ်မျိုးပြောင်းမျိုး ထုတ်လုပ်မှုစိုက်ခင်းနှင့် ရေဆင်းစပ်မျိုး ပြောင်း-၁၁ ၏ ဖြစ်ထွန်းအောင်မြင်မှုကိုလည်းကောင်း၊ ရေဆင်းစပ်မျိုး နေကြာ-၁ မျိုးထုတ်လုပ်သည့် စိုက်ခင်း ၆၅ ဧက၌ နေကြာပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့အနယ်နယ်တွင် ဆောင်ရွက်

ဇွန် ၄ ရက်က ကျိုက်လတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန့်ဇော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်စုစုဟန်၊ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် ကျန်းမာရေးမှူး ဦးနိုင်ဦးတို့ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်ကြစဉ်။ (၁၃၃)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် မေ ၂၁ ရက်က အမက ဘုရားကြီးကုန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇွန် ၅ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

## ရမည်းသင်းမြို့နယ်အတွင်း ဒုတိယအကြိမ် ပိုလီယိုဆေးတိုက်ကျွေး

**ရမည်းသင်း ဇွန် ၁၈**

ရမည်းသင်းမြို့နယ်တွင် ဇွန် ၁၁ ရက် နံနက် ၇ နာရီခွဲက ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အဖွဲ့ဝင်များသည် မြို့မရပ်ကွက်အုပ်ချုပ်ရေးရုံးနှင့် အောင်မင်္ဂလာရပ်ကွက်များတွင် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုဆေးတိုက်ကျွေးခြင်းနှင့်**(ယာပုံ)** အရုပ်ကလေးများဝေငှခြင်းများပြုလုပ်ပြီး ကလေးမိဘများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်မော်က ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၄၀၆)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် မြင်းယာဉ်လိုင်စင်များ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ အငှားမြင်းလှည်းယာဉ်များအား စည်းကမ်းချက်နှင့်အညီ ပြုပြင်ထားခြင်း ရှိ မရှိကို မေ ၂၁ ရက်က ဦးစီးအရာရှိ ဦးမျိုးထက်ဇော်နှင့် ဒုတိယဦးစီးမှူး(စည်းကမ်းထိန်း) ဦးဝင်းနိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ သွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပထမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲက အင်းစိန်မြို့နယ် ဆေးရုံကြီးနှင့် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင်၊ အင်းစိန်ဆေးရုံ လက်ထောက်ဆေးရုံအုပ်ကြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း၊ ခရိုင်ကြက်ခြေနီသူနာပြု ဦးစီးမှူး (ဒုတိယတန်း) ဦးထိန်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စေတနာရှင် သွေးလှူရှင်များအား ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင်က အမှာစကား ပြောကြားပြီးနောက် သွေးလှူရှင်များအား သွေးလှူရခြင်းနှင့်ပတ်သက်၍ အကျိုးကျေးဇူးများကို အင်းစိန်ဆေးရုံ လက်ထောက် ဆေးရုံအုပ်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပေးအပ်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက(၁)၏ ကျောင်းအပ်နှံရေးနေ့နှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၃ ရက်က မေခဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေက ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

19-6 (05).pmd 1 6/19/2011, 1:16 AM

# ခရီးသွားပြပွဲနှင့်အစားအစာပြပွဲ ကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၈**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်၌ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်အတူ Tourism Promotion အတွက် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကျင်းပရေး တတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက် ၁၁ နာရီက နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**ဆွေးနွေးတင်ပြ**

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဌေးအောင်က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အခွန်ဆိုင်ရာ သိကောင်းစရာများ စစ်တွေမြို့နယ်၌ ရှင်းလင်းဟောပြော

**စစ်တွေ ဇွန် ၁၈**

ရခိုင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန စစ်တွေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဟောပြောပွဲကို မေ ၁၉ ရက်က စစ်တွေမြို့ ကျေးပင်ကြီး အလက (၇) ကျောင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးထိန်လင်းက အမှာစကားပြောကြားပြီး အခွန်အကြောင်း သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဟောပြောသည်။ **(အောက်ပုံ)**

**ဖြန့်ဝေပေး**

ဆက်လက်၍ စစ်တွေမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှဘော်က ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဝင်ငွေကြေညာလွှာတင်သွင်းမှုဆိုင်ရာပြဋ္ဌာန်းချက် လက်ကမ်းစာစောင်များနှင့် အခွန်ပညာပေးစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့သာယာလှပရေး သံတွဲ၌ ဆောင်ရွက်

**သံတွဲ ဇွန် ၁၈**

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာပန်းအလှပင်များ စိုက်ပျိုးခြင်းကို မေ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသန်းထွန်း၊ ဒုတိယဦးစီးမှူး ဦးသန်းအောင်ထွန်းနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ်စည်ပင်)**

# မေလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း(၃၄၆)မှု တရားခံ(၅၃၄)ဦး ဖမ်းဆီးအရေးယူခဲ့

**နေပြည်တော် ဇွန် ၁၈**

၂၀၁၁ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၃၄၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၅ မှု အလေးချိန် ၃၃၉ ဒသမ ၅၈၅ ကီလို၊ ဘိန်းဖြူ ၁၀၅ မှု အလေးချိန် ၁၆ ဒသမ ၀၃၉၅ ကီလို၊ ဘိန်းဆီခြောက်မှု အလေးချိန် ၂၆ ဒသမ ၄၄၇၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၃၈ မှု အလေးချိန် ၃၇ ဒသမ ၉၂၅၅ ကီလို၊ ဆေးခြောက် ၃၁ မှု အလေးချိန် ၁၃ ဒသမ ၀၁၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၁ မှု ၄၁၀၉၅၃ ပြား၊ ဘိန်းစာမှုန့် ရှစ်မှု အလေးချိန် ၆ ဒသမ ၆၄၅ ကီလို၊ မော်ဖင်းထိုးဆေးတစ်မှု ၃၈၀ ပုလင်း၊ အိုက်(စ်)တစ်မှု အလေးချိန် ၀ ဒသမ ၁၅ ကီလို၊ ဘိန်းရည် နှစ်မှု ၀ ဒသမ ၁၈၅ လီတာ၊ ဆူဒိုအက်ဖီဒရင်းတစ်မှု ၈၄၀၀၀၀ ပြား၊ ဘိန်းဆီရည် အလေးချိန် ၂ ဒသမ ၄ လီတာ၊ အက်ဖီဒရင်း အလေးချိန် ၅၉ ဒသမ ၅ ကီလို၊ မှတ်ပုံတင်ပျက် ၁၇ မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၃၄၆ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၄၃၀၊ မ ၁၀၄ ဦး စုစုပေါင်း တရားခံ ၅၃၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးကျော်ကျော်က စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက မြို့နယ်အဆင့်ဌာနဆိုင်ရာများအား သက်ဆိုင်ရာဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ထွေ/အုပ်)**

# သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

## သစ်ပင်စိုက်ပျိုးပွဲ မူဆယ်မြို့နယ်၌ကျင်းပ

**မူဆယ် ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်ကောင်းဝှက်ကျေးရွာတွင် ဇွန် ၅ ရက်က သစ်တောချစ်သူများအသင်းဖွဲ့စည်းပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားတွင် မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သိကောင်းစရာများကို ဆွေးနွေးဟောပြောကြသည်။

**စိုက်ပျိုး**

ဆက်လက်၍ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကောင်းဝှက်ကျေးရွာ၌ ကျင်းပရာ ယမနေ၊ ယူကလစ်၊ ထင်းရှူး၊ ရေသင်းဝင်၊ အော်ရီးရှား၊ ဆူးထင်းရှူး စသော သစ်ပင်မျိုးစုံ အပင် ၁၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရွှေကျင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ယာကျေးရွာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၇ နာရီက ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံသိန်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်နှင့် ခြေတော်ယာကျေးရွာပြည်သူများက ကျွန်းနှင့် သစ်မာပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**

**မအိမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်က ကျောက်ဖြူ-ရန်ကုန်ကားလမ်းဘေး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ ခရေ၊ မဲဇလီ၊ ပုန်းညက် အပင် ၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (ခရိုင် ပြန်/ဆက်)

## တာချီလိတ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တာချီလိတ် ဇွန် ၁၈**

တာချီလိတ်မြို့နယ် ၂၀၁၁-၂၀၁၂ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာ အုပ်စုကြီးတံတားကျေးရွာ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ ရပ်မိရပ်ဖဦးယေရှုနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ ကျေးရွာပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက်အရ ကျေးရွာပိုင် သစ်မာစိုက်ခင်းများတွင် ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း စသည့် သစ်မာ ၇၅၅ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇဝ)**

## မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

# ပင်တဂွန်စစ်ဌာနချုပ်အနီး ဖောက်ခွဲရန်ကြိုးပမ်း ကားတစ်စီးနှင့် အမျိုးသားတစ်ဦးအား ဖမ်းဆီးမိ

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်အနီး ဇွန် ၁၇ ရက်က ဖောက်ခွဲရန် ကြံစည်ကြိုးပမ်းနေသည့် သံသယဖြစ်ဖွယ် မော်တော်ယာဉ်တစ်စီးနှင့်အတူ အမျိုးသားတစ်ဦးကို တွေ့ရှိရသဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း အေဘီစီ သတင်းဌာနက ဇွန် ၁၈ ရက်၌ ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၎င်းအမျိုးသားနှင့်အတူ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ပတ်သက်သည့် သံသယဖြစ်ဖွယ် စာရွက်စာတမ်းအချို့ တွေ့ရှိရသဖြင့် အမေရိကန်လုံခြုံရေးအဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ဖမ်းဆီး**

အဆိုပါဖြစ်ရပ်နှင့်ဆက်စပ်နေသည့် အခြားအမျိုးသားနှစ်ဦးလည်း ရှိနိုင်သေးကြောင်း ပင်တဂွန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ၎င်းဖြစ်ရပ်ကြောင့် ပင်တဂွန်စစ်ဌာနချုပ် အနီးဝန်းကျင်ရှိ လမ်းများပိတ်ထားပြီး လုံခြုံရေးစစ်ဆေးမှုများ တင်းကျပ်စွာ ပြုလုပ်လျက်ရှိသည်။ ဗုံးဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုရန်အတွက် ၎င်းမော်တော်ယာဉ်ကို ပင်တဂွန်စစ်ဌာနချုပ်မြောက်ဘက် ကားရပ်ရာနေရာ၌ ရပ်ထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အိန္ဒိယ ခရီးသည်တင်ရထားတစ်စင်းပေါ်၌ ချိန်ကိုက်ဗုံးတစ်လုံးတွေ့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ အချိန်မီဖယ်ရှားနိုင်ခဲ့

မိုးမြင့်လင်းလက် - စုစည်းသည်

ဂူဝါဟာတီ ဇွန် ၁၈

အိန္ဒိယနိုင်ငံ အာသံပြည်နယ် အရှေ့မြောက်ပိုင်းတွင် ခရီးသည် ၁၀၀၀ ခန့် တင်ဆောင်မောင်းနှင်လာသော ရထားတစ်စင်းပေါ်တွင် ဇွန် ၁၇ ရက်က အင်အားပြင်းထန်သည့် ဗုံးတစ်လုံးတွေ့ရှိသဖြင့် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ဇွန် ၁၈ ရက်၌ ပြောကြားသည်။

အဆိုပါ ရထားသည် အာသံပြည်နယ် မြို့တော်ဂူဝါဟာတီသို့ မဝင်ရောက်မီရထားပေါ်၌ ၁၁ ပေါင်ခန့်လေးသော ချိန်ကိုက်ဗုံးတစ်လုံးကို ဇွန် ၁၇ ရက် နံနက်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

၎င်းဗုံးတွေ့ရှိသည်နှင့် ရထားကိုရပ်တန့်ကာ ခရီးသည်များအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းဗုံးကို အမြန်ဆုံးဖယ်ရှား ရှင်းလင်းခဲ့ရခြင်းဖြစ်သည်။ ထိုသို့ ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းက ပြုလုပ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးချေ။ **(အင်တာနက်)**

# တရုတ်တောင်ပိုင်း၌ ကုန်တင်သင်္ဘော ပေါက်ကွဲမီးလောင်၊ ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ



ကွမ်ကျိုး ဇွန် ၁၈

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် တောင်ဘက်၌ ဇွန် ၁၇ ရက် နံနက်ပိုင်းက ကုန်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ **(ဝဲပုံ)**

**ပေါက်ကွဲ**

ယင်းသင်္ဘောမှာ ပြည်နယ်မြို့တော် ကွမ်ကျိုးမြို့အနီးရှိ ရှီလူးမြို့ ကုန်တင်ကုန်ချဆိပ်ကမ်းအလွန်၌ ဇွန် ၁၇ ရက် နံနက် ၁ နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ သင်္ဘောပေါက်ကွဲမှုဖြစ်ပွားစဉ် သင်္ဘောပေါ်၌ လူမည်မျှရှိသည်ကို မသိရသေးကြောင်း၊ ပေါက်ကွဲပြီး မီးလောင်သည့်အတွက် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ကနဦးသတင်းအဖြစ် ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။ **(အင်တာနက်)**

# လာမည့် ဘောလုံးရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် မန်ယူနှင့် ဝက်စ်ဘရွန်းကစားရမည်

မြင့်မောင်စိုး - စုစည်းသည်

*လန်ဒန် ဇွန် ၁၈*

*ဘောလုံးပရိသတ်များ မျှော်လင့်စောင့်စားနေသည့် ၂၀၁၁-၂၀၁၂ ခုနှစ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို လာမည့် ဩဂုတ် ၁၃ ရက် (စနေနေ့) ညပိုင်းတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ လက်ရှိချန်ပီယံ မန်ယူက ဝက်စ်ဘရွန်းအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။*

*အာဆင်နယ်က အဖွင့်ပွဲတွင် နယူးကာဆယ်နှင့် ကစားနေစဉ် ပြီးခဲ့သည့် ဘောလုံးရာသီက ဒုတိယဖြင့် ကျေနပ်ခဲ့ရသည့် ချယ်လ်ဆီးက စတုတ်အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။*

*မန်ယူတိုက်စစ်ကို ဆက်လက်ဦးဆောင်မည့် ရွန်နေ*

*ထိုစဉ်အတွင်း လီဗာပူးက ဆန်းဒါးလန်းအသင်းကို အိမ်ကွင်း၌ လက်ခံကစားမည်ဖြစ်သည်။ ပရီမီယာလိဂ်သို့ ပထမဆုံး တက်ရောက်လာသည့် ဆွမ်ဆီးအသင်းက မန်စီးတီးအိမ်ကွင်း၌ သွားရောက်ခြေစွမ်းပြရမည်ဖြစ်သည်။ ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သည့် ကျူပီအာအသင်းက ဘော်လ်တန်အသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြောက်နှစ်တာအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲသို့ ပြန်လည်တက်လှမ်းလာသည့် နော့ဝှစ်အသင်းက ဝီဂန်အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။*

*စပါးနှင့် အဲဗာတန်တို့သည် စပါးကွင်း ဝိုက်ဟတ်လိမ်း၌ ဆုံမည်ဖြစ်သည်။ ဖုလ်ဟမ်နှင့် အက်စ်တွန်ဗီလာတို့သည်လည်း ဖုလ်ဟမ်အိမ်ကွင်း ခရာပင်ကော့တေ့ချ်၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မန်ယူတို့ ဝက်စ်ဘရွန်းနှင့် ကစားပြီးနောက် စပါးနှင့် အာဆင်နယ်အသင်းများကို နောက်သီတင်းပတ်များတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထိပ်သီးပြိုင်ပွဲအဖြစ် စက်တင်ဘာ ၁၇ ရက်တွင် မန်ယူက ချယ်လ်ဆီးကို လက်ခံကစားမည် ဖြစ်သည်။ အောက်တိုဘာ ၁၅ ရက်တွင် မန်ယူတို့ လီဗာပူးအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ မန်စီးတီးက အောက်တိုဘာ ၂၂ ရက်တွင် မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ အောက်တိုဘာ ၂၉ ရက်တွင် ချယ်လ်ဆီးက အာဆင်နယ်ကို လက်ခံကစားမည်ဖြစ်သည်။* *(အင်တာနက်)*

# အာရှပရိသတ်များ တစ်ခဲနက်အားပေးနေသည့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟန်ဂါအင်

မောင်မောင်မြင့်ဆွေ - စုစည်းသည်

*ဆိုးလ် ဇွန် ၁၈*

***တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင်များအနက် ၂၀၁၁ ခုနှစ်တွင် ပရိသတ်အားပေးမှုအရှိဆုံး ရုပ်ရှင်မင်းသမီးမှာ ဟန်ဂါအင် ဖြစ်သည်။ အာရှပရိသတ်များ၏ ဆန္ဒသဘောထားကို အင်တာနက်တွင် People မဂ္ဂဇင်းက မှတ်တမ်းယူခဲ့ရာ ဟန်ဂါအင်အား ပရိသတ် ၇၀ ရာခိုင်နှုန်းက ဆန္ဒပြုခဲ့ကြခြင်းဖြစ်သည်။***

*အသက် ၂၉နှစ်အရွယ်ရှိ ဟန်ဂါအင်သည် အသက် ၁၃ နှစ်အရွယ်၌ပင် Super Rookie ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ခေါင်းဆောင်မင်းသမီးအဖြစ် စတင်ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ဒရာမာဇာတ်လမ်းတွဲများ၌ ရိုးရှင်းပြီး ဆွဲဆောင်မှုရှိသော သူမ၏ သရုပ်ဆောင်မှုဇာတ်ဝင်ခန်းများကို ပရိသတ်များက နှစ်သက်သဘောကျအားပေးခဲ့ကြခြင်းဖြစ်သည်။*

**ခွဲစိတ်ပြုပြင်**

*ငယ်စဉ်ကတည်းက ရုပ်ရှင်အနုပညာကို ဝါသနာပါခဲ့သော်လည်း ပရိသတ်ဆွဲဆောင်နိုင်ဖွယ်မရှိသည့် မျက်နှာအသွင်အပြင်ကြောင့် နှာခေါင်းခွဲစိတ်ပြုပြင်မှုပြုလုပ်ခဲ့ပြီးမှ ရုပ်ရှင်နယ်ပယ်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် သူမ၏ အသွင်ဆန်းသော အမူအရာတို့ကြောင့် အာရှပရိသတ်များ၏ အားပေးမှုကို တစ်ခဲနက်ရရှိခဲ့သူဖြစ်သည်။*

**တစ်ခဲနက်အားပေး**

*ဟန်ဂါအင်၏ အောင်မြင်မှုရရှိခဲ့သော ရုပ်မြင်သံကြားဇာတ်လမ်းတွဲများမှာ Sunshine Hunting Yellow Handker Chief ၊ Terms of Endearment၊ Super Rookie၊ The Snow Princess၊ Dr.Khang ၊ Witch Yoo Hee ၊ Bad Guy တို့ ဖြစ်ကြသည်။ Bad Guy ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ၂၀၁၀ခုနှစ်က အာရှတစ်ဝန်းထုတ်လွှင့်ပြသခဲ့ရာ ပရိသတ်များ တစ်ခဲနက်အားပေးခြင်းခံခဲ့ရသည်။ ဟန်ဂါအင်သည် ၂၀၀၅ ခုနှစ်က အမ်ဘီစီ၏ Excellence Awards၊ကေဘီအက်စ်၏ Excellence Awards နှင့် ကေဘီအက်စ်၏ Best Couple Awards ဆုများရရှိခဲ့သူဖြစ်သည်။*

***တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဟန်ဂါအင်***

*တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးဟန်ဂါအင်သည် တောင်ကိုရီးယား ရုပ်ရှင်မင်းသား ယန်ဂျုန်ဟွန်းနှင့် လက်ထပ်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဩဂုတ်လ၌ ကွာရှင်းပြတ်စဲခဲ့ကြသည်။ ယခုအခါ ရုပ်ရှင်မင်းသမီးဟန်ဂါအင်သည် ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်မည့် ဒရာမာဇာတ်လမ်းတွဲတစ်ခု၌ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိပါကြောင်း။* ***(အင်တာနက်)***

# ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၈

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

**တက်ရောက်**

တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီနာယကများဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များက ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီနှင့်လုပ်ငန်းများအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က အထူးရောင်းချပွဲ၌ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲများ ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲများအတွက် စီစဉ်ဆောင်ရွက်မှုများအပေါ် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မိုးရွာသွန်းမှုများ

၁၈-၆-၂၀၁၁

| | |
|---|---|
| သံတွဲမြို့ | ၁၂ ဒသမ ၄၅ လက်မ |
| လောင်းလုံမြို့ | ၉ ဒသမ ၆၉ လက်မ |
| ချောင်းဆုံမြို့ | ၆ ဒသမ ၂၂ လက်မ |
| တောင်ကုတ်မြို့ | ၅ ဒသမ ၉၄ လက်မ |
| မော်လမြိုင်မြို့ | ၅ ဒသမ ၈၃ လက်မ |
| ဒွေးမြို့ | ၅ ဒသမ ၇၉ လက်မ |
| ကျိုက်မရောမြို့ | ၅ ဒသမ ၆၆ လက်မ |
| ကျိုက္ခမီမြို့ | ၅ ဒသမ ၄၃ လက်မ |
| မြောက်ဦးမြို့ | ၅ ဒသမ ၃၁ လက်မ |
| စစ်တွေမြို့ | ၅ ဒသမ ၀၄ လက်မ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အထူးကုဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံ ကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံကိန်း၊ ဒေသကြီး(၅)နှင့် ခတင် (၅၀)ဆံ့ မျက်စိရောဂါ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ ပြင်ပလူနာဌာနရှိ မျက်စိစမ်းသပ်ခန်း၊ Microscope အသုံးပြုမှု၊ မျက်ခမ်းစပ်ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေး အခန်းကဏ္ဍ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။

**မှာကြား**

ယင်းနောက် ကျောက်ဆည် ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးခန်းမဆောင်၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲတိုက်နယ်ဆေးရုံ၊ မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးနှင့် မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်း တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

**ကြည့်ရှု**

ထို့အတူဆင့် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် တပ်ကုန်း ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

# အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ သက်ဆိုင်ရာ အားကစားစခန်းများတွင် ရေကူး၊ စားပွဲတင် တင်းနစ်၊ ဘော်လီဘော၊ ခရစ်ကက်နှင့် ဘတ်စကက်ဘော ပြိုင်ပွဲများကျင်းပရာ အမျိုးသား အမျိုးသမီး ရေကူးပြိုင်ပွဲများတွင် မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးနှင့် အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးပြိုင်ပွဲများ၊ မီတာ ၅၀ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်**(ယာပုံ)**နှင့် အမှုဆောင်များက ဆုများချီးမြှင့်ခဲ့သည်။

**ဖွင့်လှစ်ပေး**

အလားတူ စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က စားပွဲတင်တင်းနစ် ဘောလုံးကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီးနောက် အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုး သမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အသက် ၁၂နှစ်အောက် အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး အောင်နိုင်ဆုရရှိသူများအား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

**ဆုများချီးမြှင့်**

ဆက်လက်ပြီး မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့မှ ပဏာမ ရွေးချယ်လေ့ကျင့်ပေးထားသော အမျိုးသားအမျိုးသမီး အားကစားသမားများက လက်ရည်စမ်းသရုပ်ပြကစားကြပြီးနောက် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# HAN Golf Masters Junior Golf Series 2011 KENBO Junior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ HAN Golf Masters Pte.,Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိက ကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉)မိုင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

ပြိုင်ပွဲတွင် သက်တန်းများအနေဖြင့် အသက် ၈ နှစ်မှ ၁၂ နှစ်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်နှင့် အသက် ၁၉ နှစ်မှ ၂၁ နှစ်အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မှတ်ပုံတင် သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူယူဆောင်လာ၍ ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့်လေဆိပ်လမ်းထောင့် ဖုန်း- ၀၉-၅၁၇၇၉၆၅၊ ၀၉-၂၀၃၇၆၇၁၊ ၆၅၁၃၇၄နှင့် မြန်မာဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်မည်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား စက်ဘီးအားကစားသမားများအတွက် ကီလိုမီတာ ၅၀ တစ်ဦးချင်းပြိုင်ပွဲ၊ ကီလိုမီတာ ၁၈၀ တာဝေးပြိုင်ပွဲနှင့် မီတာ ၄၀၀၀ ပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး အမျိုးသမီး စက်ဘီးအားကစားသမားများအတွက် ၂၅ ကီလိုမီတာ တစ်ဦးချင်း ပြိုင်ပွဲနှင့် ၁၂၅ ကီလိုမီတာ တာဝေးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် စက်ဘီးအားကစားသမားများသည် ဇူလိုင် ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဖုန်း- ၀၉-၇၃၀၅၆၇၁၀၊ ၀၉-၈၆၂၁၅၂၄၊ ၀၉-၄၉၂၀၃၃၀၃၊ ၀၆၇-၄၀၇၂၅၇ နှင့် ၀၁-၅၆၁၃၃၆ တို့တွင် အမည်စာရင်းပေးသွင်းကြပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇွန် ၁၈

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းမိသားစုဝင်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။**

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူ နှစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ ၁၆၈၉ ဦး အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၆၆၉၇၅၀၀ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနများ ကိုယ်စား ဝန်ကြီးဌာန ပညာရေးကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က လက်ခံသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၇၁ ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၃ ဦး စုစုပေါင်း ၇၃ ဦးအား ဝန်ကြီးဌာနက ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၆၉၀၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

**ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမကို ဤသို့ တွေ့ရသည်။**

❒ *ကျော်ဖုံးမှ*

### အလျှံပယ်ထွက်ရှိ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ကျောက်မျက်ရတနာများလည်း အလျှံပယ်ထွက်ရှိသည်။ ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာတို့မှာ ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ရတနာများဖြစ်သဖြင့် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်ကြသည်။ ကျောက်စိမ်းတွင် ဂျေဒိုက်ကျောက်စိမ်း (Jadeide-Jade) နှင့် နက်ဖရိုက် (Nephrite-Jade) ဟူ၍ နှစ်မျိုးရှိသော်လည်း ဂျေဒိုက်ကျောက်စိမ်းကိုသာလျှင် ကျောက်စိမ်းအဖြစ် သတ်မှတ်ထားသည်။ မြန်မာ့ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံး၊ အလှပဆုံးနှင့် အဖိုးအတန်ဆုံး ကျောက်စိမ်းအမျိုးအစားဖြစ်သည်။ မြန်မာ့ကျောက်စိမ်း၏ အရည်အသွေး ကောင်းမွန်မှုကို ကမ္ဘာ့ဈေးကွက်တွင် မည်သည့်နိုင်ငံကမျှ မယှဉ်နိုင်ပေ။ မြန်မာ့ကျောက်စိမ်းကို အများဆုံး လာရောက်ဝယ်ယူသည့် တရုတ်နိုင်ငံ၌ပင် နက်ဖရိုက်ကျောက်စိမ်းသာ ထွက်ရှိသည်။ အလားတူ ကမ္ဘာပေါ်တွင် တောင်ပင်လယ်ပုလဲ (South Sea Pearl) ထုတ်လုပ်ထွက်ရှိသည့် နိုင်ငံလေးနိုင်ငံအနက် မြန်မာ့ပုလဲကိုမူ နိုင်ငံခြားသားများက ပိုမိုကြိုက်နှစ်သက်ကြသည်။

ထို့ကြောင့်ပင် ၁၉၆၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်မျက်ရတနာများကို ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ရောင်းချပေးခဲ့သည်။ ထိုစဉ်က နိုင်ငံခြားသားများကိုသာ နိုင်ငံခြားငွေဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ပြပွဲကိုလည်း တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပေးခဲ့ပြီး နောက်ပိုင်းတွင် တစ်နှစ်လျှင်နှစ်ကြိမ် တိုးမြှင့်ရောင်းချပေးခဲ့သည်။

### ရောင်းချခွင့်ပြု

၁၉၉၂ ခုနှစ်မှစတင်၍ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ပုဂ္ဂလိကကုမ္ပဏီများသို့ တူးဖော်ထုတ်လုပ်ခွင့်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်း၍ နိုင်ငံသားများအား ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ် ရောင်းချခွင့် ပြုခဲ့သည်။ အလားတူ ၁၉၉၇ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲမှစတင်၍ နိုင်ငံသားများအား ဝယ်ယူခွင့်ပြုခဲ့ရာ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ရောင်းချရမှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ ထို့ကြောင့် ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် သုံးကြိမ် ကျင်းပနိုင်ခဲ့သည်။

### တတိယအကြိမ်

ယင်းသို့ ကျင်းပရာတွင် ပြပွဲများကို ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ်၊ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပခဲ့ရာမှ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို (၂၀၁၀ခုနှစ် နိုဝင်ဘာလ) မှစ၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ စတင်ကျင်းပခဲ့သည်။ ပြီးခဲ့သည့် မတ်လကလည်း (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ရာ ယခုကျင်းပမည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအထူးရောင်းချပွဲမှာ နေပြည်တော်တွင် တတိယအကြိမ်အဖြစ် ကျင်းပမည့်ပွဲပင်ဖြစ်သည်။

### တင်ဒါစနစ်

ယခုအထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပုလဲကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် လည်းကောင်း၊ ကျောက်မျက်ရတနာများကို ဇူလိုင် ၄ ရက်တွင် လည်းကောင်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ ကျောက်စိမ်းကိုမူ ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချပေးမည့် ကျောက်မျက်ရတနာများမှာ ကျောက်စိမ်းအရိုင်း၊ သွေးပြီး ကျောက်စိမ်းအချောများ၊ ကျောက်မျက်ရတနာအရိုင်းများနှင့် သွေးပြီးရတနာအချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသော ကျောက်များ၊ အင်ကြင်းကျောက် (Fossil) အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများ စသည်တို့ဖြစ်ပြီး နိုင်ငံခြားသားနှင့် ပြည်တွင်း ရတနာကုန်သည်များအား ရောင်းချပေးမည် ဖြစ်သည်။

### ပါဝင်ပြသ

ယင်းသို့ ရောင်းချရာတွင် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့နှင့်အတူ မြန်မာ့ပုလဲဥပဒေနှင့်အညီ ပုလဲမွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် ရယူလုပ်ကိုင်နေသော ကုမ္ပဏီများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေများနှင့် အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် ရယူလုပ်ကိုင်နေသော ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် သမဝါယမအသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေများနှင့် အညီ ရတနာအရောင်းဆိုင် ဖွင့်လှစ်၍ ရတနာပစ္စည်း ရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိထားသူများနှင့် ကျောက်မျက်ရတနာ တင်ပို့ခြင်းလုပ်ငန်း လိုင်စင်ရယူထားသော ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် သမဝါယမအသင်းများက ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

### ခင်းကျင်း

အထူးရောင်းချပွဲ ကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမကြီး၏ ပင်မအဆောက်အအုံသည် 3 Storeyed RC & Steel Structure Building အမျိုးအစားဖြစ်ပြီး မြေအောက်ထပ်၊ မြေညီထပ်နှင့် ပထမထပ်တို့ ပါဝင်သည်။ ခန်းမအတွင်း၌ ဧည့်ကြိုခန်း၊ ပြပွဲခန်းမ၊ စာချုပ်ချုပ်ဆိုခန်း၊ ကျောက်စိမ်းခင်းကျင်းရန်နေရာ၊ ကျောက်မျက်ခင်းကျင်းရန်နေရာနှင့် ပုလဲခင်းကျင်းရန်နေရာတို့ကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျောက်စိမ်းခန်းမတည်ရှိသည့် မြေဧရိယာ၏အကျယ်အဝန်းမှာ ၂၂ ဒသမ ၄၂ ဧက ရှိသည်။ ပြသရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အဆိုပါ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ခင်းကျင်းနေရာချထားလျက်ရှိသည်။

**၇၀ ဒသမ ၄၀ ကရက်ရှိ မှတ်မီးစိမ်းတာကို လှပစွာ တွေ့မြင်ရစဉ်။**

အထူးရောင်းချပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီသည် တည်းခိုနေထိုင်ရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ကျောက်စိမ်း ဆပ်ကော်မတီ၊ ကျောက်မျက် ဆပ်ကော်မတီ၊ ပုလဲဆပ်ကော်မတီနှင့် စီမံရေးရာဆပ်ကော်မတီ စသည်တို့ကို ဖွဲ့စည်းကာ စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကလည်း ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ဆပ်ကော်မတီများက အထူးရောင်းချပွဲသို့ လာရောက်ကြမည့် ပြည်ပမှ ရတနာကုန်သည်များ နေပြည်တော်တွင် သွားလာနေထိုင် စားသောက်မှုတို့အတွက် အစစအရာရာ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားမည့် အပြင် အထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများကိုလည်း ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် အထူးရောင်းချပွဲကာလတွင် ဆပ်ကော်မတီအသီးသီးအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများကို လွယ်ကူလျင်မြန် ချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ယာယီရုံးခန်းများကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ကြိုတင်စီစဉ်

ရတနာကုန်သည်များ သွားလာမှု အဆင်ပြေစေရေးအတွက် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးမှ ပါရမီအငှားယာဉ်များ လာရောက်ပြေးဆွဲပေးမည်ဖြစ်သည်။ ထို့အတူ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက် နေပြည်တော်ရှိ ဟိုတယ် ၂၃ ခုတွင် အခန်းပေါင်း ၁၆၀၀ ကျော် ကြိုတင်စီစဉ်ထားပြီး ဟိုတယ်များရှိ စားသောက်ခန်းမများနှင့် စားသောက်ဆိုင် ၃၀ ကျော် ဖွင့်လှစ်၍ လူဦးရေ ၅၀၀၀ ကျော် တစ်ပြိုင်တည်း စားသောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

### ပေးအပ်ချီးမြှင့်

ပြပွဲတွင် ကျောက်စိမ်းအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံးဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက် အတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်နှင့် ပုလဲအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယခင်ပြပွဲများကထက် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ပိုမိုလာရောက်ခဲ့ကြသကဲ့သို့ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကိုလည်း အပြိုင်အဆိုင် ဈေးပေးဝယ်ယူခဲ့ကြသည်။

### စီမံဆောင်ရွက်

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်အောင်မြင်အောင် ကျင်းပပေးနိုင်ခဲ့သည်။ ယခု ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကြီးကိုလည်း ယခင်ပြပွဲများထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ယခုကျင်းပမည့် အထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို လာရောက်ဝယ်ယူကြမည့် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးစသည်တို့ကို ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က ပြည့်စုံကောင်းမွန်အောင် ကြိုတင်စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့

## ဟားခါးမြို့နယ်၌ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် အာဆီယံသွေးလွန်တုပ်ကွေး နေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဘမောင်က အမှာစကား ပြောကြားသည်။ ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဇော်ဌေးက ဖတ်ကြားသည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ငှက်ဖျား နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံ များကို ကြည့်ရှုအားပေးကြသည်။

**စိုက်ပျိုးပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမြို့ ကျောဘုတ်စိုက်ပျိုးရေး အောက်ခြေ၌ကျင်းပသည့် မိုးရာသီ လက်ဖက်တိုက်ရိုက်အစေ့ချ စိုက်ပျိုးပွဲသို့ တက်ရောက်ပါဝင် စိုက်ပျိုးပေးသည်။

မိုးရာသီ လက်ဖက်တိုက်ရိုက်အစေ့ချ စိုက်ပျိုးပွဲတွင် မျိုးစေ့ငါးပြည် တစ်ကျင်းလျှင် နှစ်စေ့နှုန်းဖြင့် တစ်ဧကကို ဌာနဆိုင်ရာဝန်ထမ်းအင်အား ၅၀၀ တို့က စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဝမြို့နယ် မာဃလမ်း သံကူကွန်ကရစ်တံတား တည်ဆောက် ပြီးစီးမှုကို မေ ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့ ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

# ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

**မူဆယ် ဇွန် ၁၈**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ရဲတပ်ဖွဲ့၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ် ရဲတပ်ဖွဲ့ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်စခန်းမှူး ရဲအုပ်စိုးမင်းက ပညာသင်ထောက်ပံ့ငွေ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ထို့နောက် တပ်ဖွဲ့ဝင် သားသမီး ကျောင်းသားကျောင်းသူ မူလတန်း အဆင့် ၁၅ ဦး၊ အလယ်တန်းအဆင့် ၁၀ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅ ဦးတို့အား ရဲအုပ်စိုးမင်း၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ဒုရဲအုပ်ဇော်ဦးတို့က ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ငါးသယံဇာတ ထိန်းသိမ်းရေး ဘိုကလေး၌ဟောပြော

**ဘိုကလေး ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖျာပုံခရိုင် ငါးလုပ်ငန်း ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၁ ရက်က အစည်ကြီးကျေးရွာ Cyclone Shelter တွင် ကျင်းပရာ ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ထွန်းက ငါးရစ်၊ ငါးသန် ကာလအတွင်း ငါးရစ်၊ ငါးသန်များ ထိန်းသိမ်းရေးအပါအဝင် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရေလုပ်သားများက မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ထွန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ဖ၆၇)**

# ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး

## သဲကုန်း၌ အသိပညာပေးဆွေးနွေး

**သဲကုန်း ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျန်းမာရေးဦးစီး ဌာနမှ ကြီးမှူးကျင်းပသော ငှက်ဖျား ရောဂါကာကွယ်နှိမ်နင်းရေး အသိ ပညာပေးဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေး မှူး ဦးဝင်းလွင်က အမှာစကားပြော ကြားသည်။ **(အောက်ပုံ)**

**ပြန်လည်ဆွေးနွေး**

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဌာနမှူး ဒေါက်တာ နိုင်လင်းဗိုလ်က ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလို သည်များကို ပြန်လည်ဆွေးနွေး ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**




# ဝက်နားရွက်ပြာရောဂါကာကွယ်ဆေးများ

## ထန်းတပင်မြို့နယ်၌ ပက်ဖျန်း

**ထန်းတပင် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် စီးပွားဖြစ်မွေးမြူရေးခြံများ၌ ဝက်နားရွက်ပြာ ရောဂါမဖြစ်ပွားရေး အတွက် ဇွန် ၈ ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက မွေးမြူရေးခြံသုံးပိုးသတ်ဆေးများ ပက်ဖျန်းပေးကြသည်။ **(အောက်ပုံ)**

**ပိုးသတ်ဆေးဖျန်း**

ထိုသို့ဆောင်ရွက်ရာတွင် ဝက်နားရွက်ပြာရောဂါ ကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ် မွေး/ကု ဦးစီးမှူး ဦးခင်သိန်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဝက်မွေးမြူသူများအား ဝက်နား ရွက်ပြာရောဂါမဖြစ်ပွားရေး ဝက်မွေးမြူရေးခြံများအလိုက် ပညာပေးဆွေးနွေး ကြပြီး ဝက်ခြံများအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄၈)**

# ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ပြည်မြို့ ရန်ကုန်-ပြည်လမ်း လမ်းလယ်ပန်းခုံများ ပြုလုပ်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ မေ ၂၀ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးထုတ်မြောင်းဆယ်ယူ ရှင်းလင်းခြင်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးခင်စော၊ အဖွဲ့ဝန်ထမ်း များနှင့် ပြည်သူများ ရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော လိပ်ချောင်းကျေးရွာ မြေသားမိုးရေလှောင်ကန် မွမ်းမံခြင်း လုပ်ငန်းကို မေ ၃၀ ရက်က တာဝန်ခံအင်ဂျင်နီယာနှင့် အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၅ ရက်က ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာ ချုံနွယ်ရှင်းလင်းခြင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းကို မေ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ပေးအပ်လှူဒါန်း

ပုသိမ်မြို့ အမှတ် (၂) အလကကျောင်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဇွန် ၂ ရက်က ကျင်းပရာ အခမ်းအနားတွင် ကျောင်းသားကျောင်းသူဟောင်းများက ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၇၇)

## ချောင်းဆုံမြို့ ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုး

**ချောင်းဆုံ ဇွန် ၁၈**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရားကြီးကုန်း သင်္ကော လမ်းဆုံပန်းခြံအတွင်း ပန်းအလှပင်စိုက်ပျိုးခြင်း လုပ်ငန်းနှင့် မြေယာရှုခင်း ပြုပြင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

## ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ဘိုကလေး ဇွန် ၁၈**

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဘိုကလေးမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ဘိုကလေးမြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်-စက်မှုဝန်ကြီး ဦးစန်းမောင်နှင့် ဂီတစာဆို ဗိုလ်ကလေးတင့်အောင်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဦးညဏ်သိန်းက ပညာရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘိုကလေးမြို့နယ်တွင် တစ်ဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးရရှိသူကျောင်းသားကျောင်းသူ ၇၅ ဦးတို့အား ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီး ဦးစန်းမောင်၊ ဂီတစာဆို ဗိုလ်ကလေးတင့်အောင် **(ယာပုံ)**၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၅)**

## သစ်ပင်စိုက်ပျိုးပွဲ မင်းဘူးခရိုင်၌ကျင်းပ

**မင်းဘူး ဇွန် ၁၈**

မင်းဘူးခရိုင် သစ်တောဦးစီးဌာန၏ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၂ ရက် နံနက်ပိုင်းက မင်းဘူး ဘူတာအနီး၌ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်နှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ချိန်၊ မြို့နယ်ဦးစီးမှူးဦးစိန်တိုးနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူအင်အား ၆၅၀ ကျော်တို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဲဇလီနှင့် စိန်ပန်း စသည့်အပင်မျိုးစုံ ၁၂၄၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၆-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သူ့အတွက် ကိုယ့်အတွက် ဘယ်သူ့အတွက်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၆:၃၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၇)
- ၈:၅၀ အေးချမ်းသာယာ အင်းတကော် စိတ္တသုခ မဟာမြိုင် သိမ်ကုန်းကျောင်းမှာ
- ၉:၀၅ အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
- ၉:၂၀ နည်းပညာမျှဝေလို့ သစ်မွှေးထုတ်လုပ်စို့
- ၉:၃၅ Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
- ၁၀:၁၀ ရန်ကုန်မြင်ကွင်းကျယ် (MDIS နှင့် Crown Education မှ ပူးပေါင်းကျင်းပတဲ့ ဆေးပညာဘာသာရပ် မိတ်ဆက်ပွဲ)
- ၁၀:၃၀ ဗီဒီယိုပြခန်း
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (ရွှေဝတ်လှ)
- ၁၁:၂၅ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အခမ်းအနား
- ၁၁:၅၀ ဘဘ ဗိုလ်ကလေးတင့်အောင်၏ (၈၉)နှစ်မြောက် မွေးနေ့မင်္ဂလာ
- ၁၂:၁၀ Sports Diary
- ၁၂:၄၀ ကျန်းမာရေးနှင့်အညီ သီဟအောင် ဆီ
- ၁:၀၀ **သူ့အတွက် ကိုယ့်အတွက် ဘယ်သူ့အတွက်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၁:၄၅ ကံကူထွင့်ခေါင် ပိတ်ချင်းမြောင်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **(တစ်ယောက်တည်းနေတာ ကောင်းတယ် တစ်ယောက်တည်းမနေတာ ကောင်းတယ်)**
- ၃:၂၅ မန္တလာမြေမှ ရွှေမင်းသမီး
- ၃:၄၀ ရင်သွေးငယ်များရဲ့ အနာဂတ် အတွက် စိတ်ချယုံကြည်ခိုင်မာ စေသည့်… SDEC
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၇)
- ၄:၅၅ FMF Selection
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၀)
- ၇:၂၅ သွားမယ်စားမယ် (Ricky's Place)
- ၇:၄၅ စင်ကာပူနိုင်ငံရဲ့ ငှက်မျိုးစုံကို တွေ့မြင်နိုင်တဲ့ Jurong Bird Park
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show
- ၉:၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၈)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၈)
- ၁၀:၂၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၀:၄၅ လူကုန်ကူးမှုတိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့
- ၁၀:၅၅ ဟိုတယ်လမ်းညွှန် (Amara Resort Hotel)
- ၁၁:၃၀ ငှက်ပြတိုက် (လှော်ကားဥယျာဉ်)
- ၁၁:၄၀ Box Office Movies(300)
- ၁၂:၁၀ သူဌေးကျွန်းနှင့် Ecotourism
- ၁၂:၃၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [စာရေးဆရာမ မိုးမိုး (အင်းလျား)]
- ၁:၀၀ ဝင့်ကြွားအားမာန် **ကတိုက်** တမံ
- ၁:၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
- ၁:၃၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၁:၅၀ နယ်ဥ်ဆန်းထွင် ပန်းအလှဆင် (Diamond ပုံ ပန်းအိုးထိုးနည်း)
- ၂:၂၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Inner Space)
- ၂:၄၀ ဆန်းသစ်အလှတိုး ရွှေချည်ထိုး
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်း စေတီတော်
- ၄:၃၀ ပန်းပေါင်းစုံ ပွင့်ထုံကြိုင်သင်း… မြို့ကျောက်မဲ၏ ဂုဏ်သတင်း
- ၄:၄၅ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား

**MRTV-4 အစီအစဉ်များကို**
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်**
**ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်**
**UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၈**

## ရွှေသုတ စာကြည့်တိုက် အဆောက်အအုံသစ် ကျိုက်မရောမြို့နယ်၌ဖွင့်

*ကျိုက်မရောမြို့နယ် ကဒါကျေးရွာ၌ ရွှေသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြင့်စီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမြတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။* ***(အောက်ပုံ)***

*ထို့နောက် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်မှ ဦးမန်းအောင်တင်မြင့်က သုတ၊ ရသ စာအုပ်ပေါင်း ၅၀၀ ကျော်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။*

***(မြို့နယ် ပြန်/ဆက်)***

## အုတ်တွင်း၌ ငွေသော်တာစန်း စာကြည့်တိုက်ဖွင့်

*အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာအုပ်စု ဝက်ဖြူကုန်း ကျေးရွာတွင် ငွေသော်တာစန်း စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေမိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။*

*ထို့နောက် အလှူရှင်များက သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ အလှူရှင်ကိုးဦးက လှူဒါန်းသည့် စာအုပ်စာစောင်ပေါင်း ၄၅၀ အား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းနှင့်စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူခဲ့ကြသည်။*

*အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၆ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။*

***(မြို့နယ် ပြန်/ဆက်)***

## စာကြည့်တိုက်အဆောက်အအုံသစ် ထန်းတပင်၌ဖွင့်

***ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာ၌ စန္ဒာသူရိယ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်မင်းစိုး*** *(အပေါ်ပုံ)* ***တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။***

***အဆိုပါစာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ်၁၀သိန်းနှင့် အမိုးသွပ်ချပ်ရေ ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ပေါက်ပေါက်က သတင်းစာနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးအေးကြိုင်က လက်ခံယူကြောင်း သိရှိရသည်။***

*(မြို့နယ် ပြန်/ဆက်)*

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး အမှာစကားပြောကြားစဉ်။ (၀၀၁)

# ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ FMI City၊ အထက်ပဒေသာပင်လမ်း၊
Finger Lake(L3)နေ
ဦးခင်ဌေး-ဒေါ်မာမာ တို့၏တတိယသား

**မောင်ကောင်းပြည့်စုံဝင်း**

**1st Year BBA(Australian National University)**
**2nd Year M.B.,B.S(King's College London)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်၊ အမှတ်(၈၄/D) နေ
ဦးလှမြင့်-(ဒေါ်သန်းသန်းအေး) တို့၏တတိယသမီး

**ဒေါက်တာယုစန္ဒာအေး**
**M.B.,B.S(Ygn)**

တို့သည် ၁၈-၆-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel (Executive Club)၌ နှစ်ဖက်မိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် သဘောတူ ခေ့စပ်ကြောင်းလမ်းပြီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကောင်းပြည့်စုံဝင်း-ဒေါက်တာယုစန္ဒာအေး**

# (၃၉)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ဗိုလ်မှူးကျင်လင်း(ငြိမ်း) ဒါရိုက်တာ မြဝတီ ထရေးဒင်းနှင့် ဒေါ်သန်းသန်းညွန့်(နေပြည်တော်)တို့၏ ၁၉-၆-၂၀၁၁ရက်တွင်ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

**ဦးဇော်ဝင်း-ဒေါ်ခင်ခင်လေး၊**
**ရွှေနဂါးမင်္ဂလာခန်းမ**
**(၈၃×၃၈)လမ်းထောင့်၊ မန္တလေးမြို့**
**ဒေါ်တင်တင်မိသားစု၊ ပင်စလီလက်ဖက်ခြောက်**
**၂၃၁/ ၂၃၅(စီ-၁)၊ရွှေဂုံတိုင်လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**






# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ချစ်သမီးလေး မယမင်းရည်မွန်(အထက-၁၊ ဒဂုံ)သည် ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ချစ်သမီးလေး၏ ကြိုးစားအားထုတ်မှုကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆန္ဒနှင့်ထပ်တူ ဘဝတစ်လျှောက်လုံး အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| **ချစ်ဘွားဘွားကြီး** | - | ဒေါ်ခင်ကြည် |
| **ချစ်ဘဘနှင့် ကြီးကြီး** | - | ဦးသိန်းဝင်း၊ ဒေါ်အေးအေးသွယ် |
| **ချစ်အန်တီများ** | - | ဒေါက်တာမြတ်မြတ်ကြွယ် |
| | | ဒေါ်မွန်မွန်အေး |
| | | ဒေါ်လှလှခိုင် |
| **ချစ်ဦးဦး** | - | ဦးသက်လှိုင်၊ ဒေါ်ခင်ဖြူထွန်း |
| **ချစ်ကိုကို၊ မမနှင့် ညီမလေး** | - | ကိုကိုကြီးမျိုးသက်ထွန်း |
| | | မမ ဖြိုးဇာခြည် |
| | | ညီမလေး မြင့်သီဂီကျော် |

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးကြည်သာဟန် ၁၃/မဖန(နိုင်)၀၁၃၃၀၀နှင့် ဒေါ်ညိမ်းညိမ်းမြင့် ၁/မကန(နိုင်)၀၁၂၄၁၀ တို့သည် ၁၆-၂-၂၀၁၁ရက်တွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**၁၃/မဖန(နိုင်)၀၁၃၃၀၀**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်ညိမ်းညိမ်းမြင့် ၁/မကန(နိုင်)၀၁၂၄၁၀နှင့် ဦးကြည်သာဟန် ၁၃/မဖန(နိုင်)၀၁၃၃၀၀ တို့သည် ၁၆-၂-၂၀၁၁ရက်တွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညိမ်းညိမ်းမြင့်**
**၁/မကန (နိုင်)၀၁၂၄၁၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ရင်မြင့် ၁၂/ပဘတ(နိုင်)၀၀၅၄၆၇ ၏ သားဖြစ်သူ မောင်မျိုးထွန်းဦး ၁၂/ပဘတ(နိုင်)၀၀၉၈၀၉သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ရင်မြင့်
၁၂/ပဘတ(နိုင်)၀၀၅၄၆၇

## သစ်တောနဲ့ သစ်ပင်
## ချစ်ခင်တဲ့လူမျိုး
## သစ်ပင်ကိုနှစ်စဉ်စိုက်
## ရွှေတိုက်ကိုစိုး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ် ၃၈၊ လင်းပင်လမ်း၊ အမှတ် ၁၂၈/ဘီ၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၂၈/ဘီ၊ အလျားပေ ၆၀×အနံ ပေ၂၀ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်မင်းထွန်း ၈/မကန(နိုင်)၀၀၃၆၈၁ ထံမှ ဝယ်ယူရန် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၄၊ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူမော်**
**၁၂/သဃက(နိုင်)၀၀၉၁၈၁**
**အမှတ် ၅၃၊ ၈၉လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၅၄၀၁၃၇၆**

## လူပျောက်ကြော်ငြာ

မယဉ်မင်းထက်(ခ)ထက်ထက်(ခ) ရွှန်းလဲ့ နဝမတန်းEအထက(၂) ဒဂုံမြို့ မြို့မကျောင်း၊ ကမာရွတ်မြို့နယ် (၉)ရပ်ကွက်၊ BOC ဝင်း၊ သထုံလမ်း၊ အခန်း ၂၈ နေသူသည် ၁၆-၆-၂၀၁၁ ရက်တွင် နေအိမ်မှ မိဘများမသိအောင် ထွက်သွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း။

**ဖေဖေ ဦးဇော်မြင့်-**
**မေမေ ဒေါ်ဇမ္ဗူသိန်း**
**ဖုန်း-၇၃၀၂၅၃၃၁၊**
**၀၉-၅၁၆၄၆၀၇C/O**

## အမည်ဖြည့်စွက်ခြင်း

ဦးတင်၏သား ဦးသိန်းဇော်အား ဦးသိန်းဇော်(ခ) ဦးအောင်ဇော်ဝင်း ၉/မလန(နိုင်)၀၀၉၈၆၈ဟု ဖြည့်စွက်ခေါ်ပါရန်။

**ဦးသိန်းဇော်(ခ)ဦးအောင်ဇော်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၁၊ မြေကွက်အမှတ် ၉/A/၁ မြေကွက်တည်နေရာအမှတ် ၁၀၁၊ အုတ်လမ်း၊ ဗဟန်းမြို့နယ် (၁)ဦးညွန့်မောင်၊ (၂)မအုန်းခင်၊ (၃)မစောမြိုင်၊ (၄)မောင်စိန်ထွန်းအမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်(လူပျိုကြီး)၊ ဒေါ်အုန်းခင်(အပျိုကြီး)၊ ဦးစိန်ထွန်း(လူပျိုကြီး) ဘဝဖြင့် အသီးသီး ကွယ်လွန်ပြီး အမွေစားအမွေခံ ကိတ္တိမမွေးစားသားသမီးများမရှိပါ။အမည်ပေါက် မိခင် ဒေါ်စောမြိုင်နှင့် ဖခင် ဦးသက်တင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်အေးသန်း ၁၂/ဗဟန(နိုင်)၀၃၈၇၇၇၊ (၂)ဦးခင်မောင်တိုး ၁၂/ဗဟန(နိုင်)၀၇၁၇၈၄၊ (၃)ဒေါ်လှနှင်း၁၂/ကခက(နိုင်)၀၅၀၈၀၉၊ (၄)ဒေါ်လှသင်း(ခ)ဒေါ်သင်းသင်း ၁၂/ဗဟန(နိုင်)၀၃၉၄၂၅တို့က သားသမီးများနှင့်တူ၊ တူမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းတို့နေထိုင်သော အစိတ်အပိုင်းအား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၆ -၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်း သာသာနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | ၂။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၃။ | အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၅၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၀၀ | ၅။ | **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ** |
| ၈း၀၅ | ၆။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈း၁၀ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၂၀ | ၈။ | **ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်** |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | တေးဂီတအစီအစဉ် |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၃၀ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၂) |
| ၁၂း၃၀ | ၅။ | Golf Magazine (TV) |
| ၁၃း၀၀ | ၆။ | မြန်မာရုပ်ရှင် **ဗန်တိုလူလေးနှင့်သူဇာ** ညွန့်ဝင်း(နှစ်ကိုယ်ခွဲ)၊ ဒေစီကျော်ဝင်း (ဒါရိုက်တာ-မောင်လှမျိုး) |
| ၁၄း၄၅ | ၇။ | မူဟန်သွယ်သွယ် ဆိုကြမယ် |
| ၁၄း၅၅ | ၈။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက |
| ၄း၂၀ | ၃။ | **ဂီတမာလာတေးသံစုံ နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်** |
| ၄း၃၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၆။ | တေးဂီတအစီအစဉ် |
| ၅း၀၅ | ၇။ | **အောင်ပွဲမှသည် အောင်ပွဲဆီသို့** |
| ၅း၂၅ | ၈။ | ဆိုကြမယ်၊ပျော်ကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၂၃) |
| ၆း၄၀ | ၁၂။ | တစ်မျက်နှာ၊တစ်ကွက်စာ **ဆားခတ်ထားတဲ့ကော်ဖီ** ပိုင်သိခ်၊နိုဘယ်ကျော်ကျော် [ဒါရိုက်တာ မေတင် (MMG)] |
| ၇း၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၀) |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၂၄) |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၆) |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## တရားသူကြီးများ အမှန်တရားကို ရဲရဲဝံ့ဝံ့ဖော်ထုတ်ဆုံးဖြတ် မိမိကိုယ်တိုင်နှင့် လက်အောက်ဝန်ထမ်းများကို စည်းကမ်းထိန်းသိမ်း မတော်မတရားပြုလုပ်လိုသူများ၏ အသုံးချမခံရအောင် သတိပြု

ရန်ကုန် ဇွန် ၁၈

ဥပဒေအရာတွင် နိုင်ငံသားအားလုံး တန်းတူခံစားခွင့်ရရှိအောင် အကာအကွယ်ပေးသွားမည်ဖြစ်ပြီး တရားရေးမဏ္ဍိုင်ကိုလည်း ခိုင်ခံ့အောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးအမှုထမ်းများအား တွေ့ဆုံပြီး ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၄ ကော်လံ ၅ ✳

## အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် မုန်တိုင်းငယ် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေ

နေပြည်တော် ဇွန် ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။

**မိုင် ၄၀**

ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း ကျောက်စိမ်းအတုံးများ ခင်းကျင်းပြသထားမှုကို ဤသို့တွေ့ရသည်။

## ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မကြာမီကျင်းပမည်

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ရန်ကြီးအောင် ➤

နေပြည်တော် ဇွန် ၁၈

မဏိရတနာကျောက်စိမ်းခန်းမ။

နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး တည်ရှိသည်။ ကြီးမားကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှသည့် အဆောက်အအုံကြီးဖြစ်သည်။ အဆိုပါ မဏိရတနာကျောက်စိမ်းခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်ကြိမ်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မကြာမီကာလတွင်လည်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကြီးကို ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေကြပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐